**ပြည်ထောင်စုမြန်မာနိုင်ငံတော်**

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ**

# ၂၀၀၀ ပြည့်နှစ်၊ နိုင်ငံတော်၏နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ

**(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၃/ ၂၀၀၀)**

**ရန်ကုန်မြို့၊ ၁၃၆၁ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်**

**(၂၀၀၀ ပြည့်နှစ်၊ မတ်လ ၁၆ ရက်)**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်း လိုက်သည်။

## အခန်း (၁)

## အမည်နှင့် အကျိုးသက်ရောက်သည့် ကာလ

၁။ (က) ဤဥပဒေကို **၂၀၀၀ ပြည့်နှစ်၊ နိုင်ငံတော်၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ**ဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၁၉၉၉-၂၀၀၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

## အခန်း (၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ဝန်ကြီး ဌာနများ၊ ဦးစီးဌာနများ၊ နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများနှင့် တပ်မြို့စည်ပင်သာယာရေး အဖွဲ့များနှင့် စပ်လျဉ်း၍ ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်း ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့် ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေများကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းသည် ၁၉၉၉ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ် သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားတာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက် စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၁၉၉၉ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

## အခန်း (၃)

## ငွေချေးယူခြင်း

၄။ ၁၉၉၉ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ ပုဒ်မ ၁၃ တွင် ဖော်ပြထားသည့် ငွေချေးစာချုပ် ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံရရှိသည့် ငွေပမာဏအပြင် နောက်ထပ် ကျပ်သန်း ငါးသောင်း တိုးမြှင့်လျာထားလိုက်သည်။

(ပုံ) သန်းရွှေ

ဗိုလ်ချုပ်မှူးကြီး

ဥက္ကဋ္ဌ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၊ အစိုးရအဖွဲ့၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်နှင့် စာရင်းစစ်ချုပ် ဇယား(၁)

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ ဇယား(၂)

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများ ဇယား (၃)

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ ဇယား(၄)

Myanmar Law Information System (MLIS)